**အသုံးတော်ခံ သာသနာ**

“ငါ” ဆိုတာ တည်ဆောက်ဘို့
သာသနာကို သုံး-
ဖါသ်ဂါ ပုံးတွေကျဲချ
တို့တစ်တွေ ဂိုဏ်းတွေ ကွဲနေရပြီ။
“အာဏာ” ဆိုတာ တည်ဆောက်ဘို့
သာသနာကို သုံး
ကာဖရ် ဆိုတဲ့ စကားလုံးတွေနဲ့
တို့တစ်တွေ အချင်းချင်း မုန်းနေရပြီ။
“ပါဂါ” ဆိုတာ တည်ဆောက်ဘို့
သာသနာကို သုံး
ဆရာသခင်ဂါဒ ထွင်လုံးကြောင့်
တို့တစ်တွေ ကျွန်ဖြစ်နေရပြီ။
“ငါသည်သာ” အတတ်ဆုံး
သာသနာကို သုံး
ကျွန်သူတွေရဲ့ မျက်လုံးအိမ်
သဲလုံးတွေ ပက်ထည့်ကြ-
တို့တစ်တွေ- ကန်းပိတ်နေရပြီ။
အသုံးတော်ခံ ဘဂနဲ့ သာသနာ
ထွက်လမ်း ဆိုတာ ဘယ်မလဲ-
အလ္လာဟ်အရှင်ရဲ့ ဂုဏ်တွေလည်း
သူတို့ကြောင့် မွဲခဲ့ရ။
ရစူလ်လွလ္လာဟ်ရဲ့ ဂုဏ်သတင်းလည်း
သူတို့ကြောင့်- စွန်းထင်းရ-။
တို့တစ်တွေ-- သက်ပြင်းချယုံနဲ့
ပြီးပွဲ-- မလား။